

# နှစ်တစ်ရာ
# နောင်လာမည့် ၂၁ရာစု
# ဟောကိန်းများ

ဟိန်းလတ်

# နိဒါန်း

၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ကျွန်တော် အစ္စရေးနိုင်ငံသို့ ရောက်ရှိနေသည် ။

အလည်အပတ်သဘော၊ လေ့လာရေးခရီးပုံစံမျိုးမဟုတ်ဘဲ

သင်တန်းတစ်ခုတက်နေရခြင်း ဖြစ်သည် ။ 'လူမှုပြောင်းလဲရေးအတွက် မီဒီယာ မဟာဗျူဟာများ ' ဆိုသောသင်တန်း ဖြစ်၏ ။

နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ သင်တန်းချိန်က အရှည်ကြီး။ ညဘက် ၇ နာရီမှာ ညစာ စားပြီးလည်း မနားရသေး။ နောက်တစ်နေ့ 'အုပ်စုလိုက်ဆွေးနွေးပွဲ' အတွက် ပြောရန် ဟောရန် စာတွေ ဖတ်ရသေးသည် ။

သင်တန်းတက်သူတွေက နိုင်ငံစုံ။ ရုရှားမှ ပါသည် ။ ကင်ည နိုင်ငံသူလည်း ရှိ၏ ။ အာရှတိုက်မှ တရုတ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဗီယက်နမ်တွေလည်း ပါသေးသည် ။ စပိန်၊ ဘရာဇီး၊ တူရကီ၊ ကိုဆိုဗို စသော နိုင်ငံများမှ သင်တန်းသူများက ပိုစွာ၏ ။

အကြောင်းအရာ တစ်ခုခုချပြလိုက်လျှင် ကပ်သီးကပ်သပ်ငြင်းကြ ခုန်ကြသံတွေက စီညံနေ၏ ။ မြန်မာပြည်က သတင်းသမား ကျွန်တော်ကလည်း အားကျမခံ ဝင်ဆွေးနွေးရတာ ပေါ့။ နိုင်ငံတကာ

ရေးရာပြဿနာ တွေဖြစ်၍ အထောက်အထားရှိရှိ၊ ယုတ္တိခိုင်ခိုင်မာမာ ဝင်ပြောနိုင်ဖို့ လို၏ ။ ထို့ကြောင့် တက္ကသိုလ် စာကြည့်တိုက်ထဲမှာ ညဥ့်သန်းခေါင်အထိ စာအုပ်တွေနှင့် နပန်းလုံးရ၏ ။

သင်တန်းဆင်းကာနီးတွင် အထွတ်အထိပ် ရောက်လာသော ပြဿနာမှာ '၂၁ရာစုတွင် မည်သူက စိုးမိုးမလဲ' ဆိုသောခေါင်းစဉ်။

တရုတ်နှင့်အိန္ဒိယတို့ က အမေရိကန်စီးပွားရေးကို ကျော်ဖြတ်လာနေကြပြီ။ ရုရှားကတော့ နာလန်ထူနိုင်ရန် ကြိုးစားနေကြဆဲ။ ကမ်ဆီကို၊ တူရကီ၊ ပိုလန်တို့ ၏ စီးပွားရေးဩဇာ တက်နှုန်းကလည်း အံ့မခန်း။

'နိုင်ငံရေးသိပ္ပံ'စာအုပ်များ သာမက ကျွန်တော် ယခင်က မဖတ်ဖြစ်ခဲ့သော 'ပထဝီနိုင်ငံရေး' ဘာသာရပ်များ ဆီသို့ပါ ခြေဦးလှည့် လေ့လာရပြန်သည် ။

'ပထဝီနိုင်ငံရေး' (Geopolitics) နှင့် 'နိုင်ငံရေးပထဝီ' (Political Geograpy) တို့ က စကားလုံးရှေ့နောက် အပြောင်းအလဲသာ ရှိသော်လည်း လုံးဝကွဲပြားခြားနားသော ဘာသာရပ်များ ဖြစ်၏ ။ တကယ်တော့ 'ပထဝီနိုင်ငံရေး' သည် 'နိုင်ငံရေးပထဝီ' မှ ခွဲထွက်လာသော ဘာသာရပ် ဖြစ်၍ အစပိုင်းတွင် ထိုဘာသာရပ် နှစ်မျိုးသည် ဆင်တူသလိုလို ရှိသော်လည်း နောက်ပိုင်းတွင် သိသိသာသာပင် ကွဲပြားခြားနား သွားသည် ။

'နိုင်ငံရေးပထဝီ' က ပထဝီဘာသာရပ်ကို ဦးစားပေးလေ့လာ၏ ။ 'ပထဝီနိုင်ငံရေး' ကမူ ပထဝီကို အခြေပြု အသုံးချကာ နိုင်ငံရေးကို လေ့လာသော ဘာသာရပ် ဖြစ်၏ ။

ထို့ကြောင့် ပထဝီနိုင်ငံရေး ပညာရှင်အများ စုမှာ ပထဝီပညာရှင်များ

မဟုတ်ကြဘဲ နိုင်ငံရေးသမားများ ၊ ဗိုလ်ချုပ်ကြီးများ ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ဖြစ်ကြသည် ။

ကမ္ဘာကို ဩဇာလွှမ်းမိုးနိုင်သော နိုင်ငံတစ်ခုဖြစ်ရန် 'ပထဝီနိုင်ငံရေးပညာရှင်များ ' က အောက်ပါ အချက်များကို သတ်မှတ်ထားကြသည် ။

(၁) ပထဝီတည်နေရာ - ပင်လည်တစ်ခု(သို့) တစ်ခုထက်ပိုသော ပင်လည်များ နှင့် ထိစပ်ရမည်။ မဟာဗျူဟာအရ အရေးပါသောအခြေစိုက် စခန်းများကို လွှမ်းမိုးထာပြီး ရန်ဘက်နိုင်ငံကို ခြိမ်းခြောက်နိုင်သော အနေအထား ရှိရမည်။

(၂) မြေပြင်အနေအထား - ရေနက်ဆိပ်ကမ်းရှိသော ပင်လည်ကမ်းရိုးတန်းရှိရမည်။

(၃) အလျားအနံ - နိုင်ငံတွင် ရှည်လျားသောကမ်းရိုးတန်းရှိရမည်။

(၄) လူဦးရေ - အင်အားကြီးသော ရေတပ်အင်အားဖြည့်တင်းနိုင်သော လူဦးရေရှိရမည်။

(၅) အမျိုးသားလက္ခဏာ - နိုင်ငံခြားကုန်သွယ်ရေးကို စိတ်ဝင်စားသူ နိုင်ငံအများ စု ရှိရမည်။ ကုန်သွယ်ရေးကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်တပ်ရမည်။

(၆) အစိုးရ - ပင်လည် အင်အားကြီးနိုင်ငံ တစ်ခုဖြစ်ရန် အစိုးရ၏ လက္ခဏာရပ်များ နှင့် မူဝါဒ မှန်ကန်မှုရှိရမည်။

(၇) စစ်ရေး - ကြီးမားသောရေတပ်အပါအဝင် အာကာသကို စိုးမိုးနိုင်သော လေတပ်နှင့် လက်နက်ဆန်းများ တပ်ဆင်ထားသော တပ်ဖွဲ့ဝင်အင်အား တောင့်တင်းခိုင်မာရမည်။

ဤသည် မှာ ‘ပထဝီနိုင်ငံရေးပညာရှင်များ ’ ချမှတ်ထားသည့် အကြမ်းဖျင်း လက္ခဏာများ ဖြစ်၏။

အစ္စရေးနိုင်ငံမှ သင်တန်းပြီးဆုံး၍ ပြန်ကာ နီးတွင် မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးချစ်ဝင်းက ကျွန်တော့ကို စာအုပ်တစ်အုပ် လက်ဆောင်ပေးသည်။

‘ဂျော့ဖရိုက်ဒ်မင်း’ ရေးသားသော ‘နောင်နှစ်တစ်ရာ - ၂၁ရာစုဟောကိန်းများ ’ (The Next 100 Years – A Forecast for the 21 Century) ဆိုသည့်စာအုပ် ဖြစ်သည်။

၂၀၂၀တွင် ဖြစ်လာမည့် တရုတ်နိုင်ငံ အခြေအနေ၊ ၂၀၅၀တွင် အမေရိကန်၊ တူရကီ၊ ပိုလန်နှင့် ဂျပန်တို့ က ပါဝါစွမ်းပကား ကြီး လာပြီး ကမ္ဘာစစ်ဖြစ်လာနိုင်မည့် အကြောင်း၊ ၂၀၈၀ တွင် အာကာသ အခြေစိုက် စွမ်းအင်ပါဝါများကို ကမ္ဘာက သုံးနိုင်မည့်ကိစ္စ၊ ၂၁၀၀ပြည့်နှစ်တွင် မက်ဆီကိုက အမေရိကန်ကို စိန်ခေါ်ခြင်း စသည် တို့ ကို ပထဝီနိုင်ငံရေးပိုင်းမှ ရှုမြင်သုံးသပ်ကာ၊ ယထာဘူတကျကျ သုံးသပ်တင်ပြထားသော စာအုပ်ဖြစ်သည် ။ အတွေးရဲရဲ၊ ဘက်လိုက်မှုကင်းကင်း၊ စိတ်ကူး ကောင်းကောင်း ဖြင့် ချပြထားသော ကြိုတင်ခန့်မှန်းချက်များ ဖြစ်သည်။

မည်သည့် နေရာဒေသများ တွင် ဘာ့ကြောင့် စစ်တွေဖြစ်လာနိုင်သည် ကို သူ ခန့်မှန်းထားရာ အမှန်တရားနှင့် အတော်နီးစပ်လှသည် ဟု နိုင်ငံရေး သိပ္ပံပညာရှင်များက ထောက်ခံကြ၏။

မည်သည့်နိုင်ငံတွေက စီးပွားရေးနှင့် နိုင်ငံရေးဩဇာ တက်လာကြပြီး မည်သည့်နိုင်ငံတွေက စီးပွားရေး၊ နိုင်ငံရေးဩဇာတွေ

မည်သည့် အကြောင်းကြောင့် ကျဆင်းလာမည်ကိုလည်း သူက အနီးစပ်ဆုံးခန့်မှန်းထား၏ ။

ကျွန်တော်တို့ နေထိုင်သော ရာစုသစ်တွင် နည်းပညာသစ်တွေကြောင့် ယဉ်ကျေးမှုပုံစံတွေ မည်သို့ ပြောင်းလဲလာမည်ကိုလည်း သူက ကြိုတင် တွက်ပြထားသည် ။

ဤစာအုပ်ကို ၂၁ရာစုတွင် နေထိုင်ကြသော လူသားတိုင်း ဖတ်ရှုကာ၊ ယခုကတည်းက အနာဂတ်အတွက် မည်သို့မည်ပုံကြိုတင်ပြင်ဆင် ထားသင့်ကြောင်း အတွေးစိတ်ကူး ကောင်းတွေ ရရှိရမည်ဟု မျှော်လင့်ပါသည် ။

* * *

# ပဏာမအဖွင့်
# အမေရိကန်ခေတ်မိတ်ဆက်

၁၉၀၀ ပြည့်နှစ် နွေရာသီတွင် သင် သက်ရှိထင်ရှားရှိနေသည် ဟု စိတ်ကူးကြည့်လိုက်ပါ။

ထိုစဉ်က သင်နေထိုင်သော လန်ဒန်မြို့သည် ကမ္ဘာ၏ မြို့တော်ကြီးပင် ဖြစ်လိမ့်မည်။ ဥရောပသည် ကမ္ဘာ့အရှေ့ခြမ်းကိုစိုးမိုးထားသည် ။ ဥရောပသည် ငြိမ်းချမ်းစွာဖြင့်

စည်းစိမ်ဥစ္စာ ကြွယ်ပိုးကြွယ်ဝ ချမ်းသာခံစားလျက် ရှိသည် ။ ဥရောပ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လက်တန်များက အလွန်ရှည်လျားသဖြင့် စည်းစားချင့်ချိန် နိုင်စွမ်းကြီးသူများ ပင်လျှင် စစ်ဆိုသည် မှာ မဖြစ်နိုင်ဟု ကံသေကမ္ဗ တွက်ချက်ထားကြသည် ။

အကယ်၍ မရှောင်မလွှဲသာ စစ်ဖြစ်နိုင်သည် ထားဦး။ ဤစစ်သည် စတင်ဖြစ်ပွားပြီး ရက်သတ္တပတ် အနည်းငယ်အကြာတွင် ပြီးဆုံးသွားရမည်ဟု ဆိုကြ၏ ။

အဘယ့်ကြောင့် ဆိုသော် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေး ဈေးကွက်သည် စစ်၏ ဖိအားကို ရေရှည်မခံနိုင်၍ ဖြစ်သည် ။

အနာဂတ်ကို မျှော်ကြည့်လျှင် ပုံသေ တွက်လို့ ရသည် ။ ငြိမ်းချမ်းသော ကြွယ်ဝ ချမ်းသာသော ဥရောပက ကမ္ဘာကို လွှမ်းမိုးမည်မှာ သေချာပေါက်။

သင့်ကိုယ်သင် ၁၉၂၀ပြည့်နှစ် နွေရာသီတွင် ရှိနေသည် ဆိုပါစို့။

ဥရောပကား စစ်ဒဏ်ကြောင့် အစိတ်စိတ်အမွှာမွှာ ပြိုကွဲခဲ့ချေပြီ။ တိုက်ကြီး တစ်ခုလုံးပင်လျှင် ကစင့်ကလျား။ ဩစထရီ - ဟန်ဂေရီလူမျိုးများ ၊ ရုရှား ဂျာမန်တို့ နှင့် အော့တိုမန် အင်ပါယာတို့ သည် ဝေးလွင့် ပျောက်ကွယ်ကုန်ပြီ။

နှစ်ပေါင်းများ စွာ ကြာညောင်းသော စစ်ကြောင့် အင်ပါယာတွေ ပြိုကွဲ၊ လူတွေလည်း သန်းနှင့်ချီ သေခဲ့ကြကြရပြီ။

လူ သန်းနှင့်ချီ၍ ပါဝင်သော အမေရိကန်စစ်တပ်က ဝင်ရောက်စွက် ဖက်မှ သာ စစ်က ပြီးသွား၏ ထိုစစ်တပ်က ချက်ချင်းရောက်လာ၊ ချက်ချင်းစွန့်ခွာသွား၏ ။

ကွန်မြူနစ်ဝါဒီက ရုရှားကို စိုးမိုးခဲ့သည် ။ သို့သော် ထိုဝါဒ ရေရှည်ခံ၊ မခံတော့ မသေချာ။ ဥရောပ အာဏာပါဝါနေရာတွင် အမေရိကန်နှင့် ဂျပန်တို့ က ရုတ်တရက် အင်အားကြီးနိုင်ငံများ အဖြစ် ပေါ်ထွန်းလာကြ၏

သို့သော် တစ်ခုကတော့ဖြင့် သေချာ၏ ။

ဂျာမဏီနိုင်ငံသည် ကား ငြိမ်းချမ်းရေးစာချုပ်၏ အချုပ်အခြယ် အောက်တွင် ပြန်လည် နာလမ်ထ ခေါင်းထူလာဖို့ မလွယ်ခြင်းပင် ဖြစ်၏ ။

၁၉၄၀ ခုနှစ် နွေရာသီကို စဉ်းစားကြည့်ပါဦး။

ဂျာမဏီကား ခေါင်းထောင်ထ,လာရုံမျှမက ပြင်သစ်ကို သိမ်းပိုက်ကာ ဥရောပကို လွှမ်းမိုးခဲ့လေပြီ။ ကွန်မြူနစ်ဝါဒက ဆက်လက်ရှင်သန်နေကာ ဆိုဗီယက်ယူနီယံက နာဇီဂျာမဏီနှင့် မဟာမိတ်ပင် လုပ်လာ၏ ။ ဂရိတ်ဗြိတိန် တစ်နိုင်ငံတည်းသာလျှင် ဂျာမဏီကို ဆန့်ကျင်ရပ်တည်ခဲ့၏ ။

ဥရောပ ကံကြမ္မာကား ခပ်တည်းတည်း ခပ်ငွေ့.ငွေ့လေးပင် ကျ န် တော့ ၏ ဤအခြေနေ တိုင်းဆိုလျှင် ဂျာမဏီသည် ဥရောပတစ်ခုလုံးကို လွှမ်းမိုးကာ သူ့အင်ပါယာကြီး ခိုင်မတ်လာတော့မည်။

၁၉၆၀ နွေရာသီ။

ဂျာမဏီသည် စစ်ရှုံးခဲ့ပေပြီ။ စစ်ပွဲ ငါးနှစ်တာအတွင်း ဂျာမဏီအရေးနိမ့်ခဲ့၏ ။ ဥရောပကို အမေရိကန်နှင့် ဆိုဗီယက်တို့ က ခွဲဝေ အုပ်ချုပ်ကြ၏ ။ ဥရောပအင်ပါယာများ ပြိုပွဲကုန်၏ ။

အမေရိကန်နှင့် ဆိုဗီယက်ယူနီယမ်တို့ က အာဏာပါဝါကို သူ့ထက်ငါ ငမ်းငမ်းတက် အပြိုင်လုယူနေကြ၏ ။ အမေရိကန်သည် ဆိုဗီယက်ယူနီယမ်ကို အင်အားကြီး နျူကလီးယားလက်နက်တွေနှင့် ဝိုင်းပတ်ထားသည် ။ နာရီပိုင်းအတွင်း ဆိုဗီယက်ကို အမှုန့်ဖြစ်အောင် ချေမွပစ်ဖို့ ပြင်ဆင်ထား၏ ။ ဤသို့ဖြင့် အမေရိကန်သည် ကမ္ဘာ့စူပါပါဝါဖြစ်လာ၏ ။ ၎င်းသည် ကမ္ဘာ့အနှံ့ သမုဒ္ဒရာများကို သူ၏ နျူကလီးယား အင်အားစုများ ဖြင့် လွှမ်းမိုးဗိုလ်ကျထားသည် ။ ဆိုဗီယက်က ဂျာမဏီကို ကျူးကျော်ကာ ဥရောပကိုသိမ်းဖို့ ရာ မဖြစ်နိုင်တော့။ ဤစစ်ဖြစ်မည်ဟု လူတိုင်းက ထင်ထားကြ၏ ။ ထို့ပြင် လူတိုင်း၏ စိတ်ထဲတွင် ထိတ်လန့်မှုတစ်ခုလည်း ရှိနေကြသေး၏ ။ အားလုံးကို အန္တရာယ်ပေးနိုင်သော မော်စီတုံး၏ တရုတ်ပြည်။

၁၉၈ဝ နှစ်ရာသီကို ပြန်သွားကြပါဦးစို့။

အမေရိကန်သည် ခုနစ်နှစ်တာစစ်ပွဲအတွင်း ရှုံးနိမ့်ခဲ့ရ၏ ။ ဆိုဗီယက်ယူနီယံကို စစ်ရှုံးရခြင်းမဟုတ်။ ကွန်မြူနစ် မြောက်ဗီယက်နမ်အပေါ် သူလက်မြှောက် အရှုံးပေးခဲ့ရခြင်းသာ ဖြစ်၏ ။ ဘာပဲပြောပြော၊ သူရှုံးနိမ့်စွာ တပ်ခေါက်ပြန်ခဲ့ရ၏ ။

ဗီယက်နမ်မှ မောင်းထုတ်ခံရသကဲ့သို့ အီရန်မှ လည်း သူမောင်းထုတ်ခံခဲ့ရ၏ ။ ရေနံတွင်းများ ရှိသော အီရန်ကို ထိန်းချုပ်ရန် သူ့ အကြံ မှာ မအောင်မြင်ခဲ့။ သို့ဖြင့် အီရန်သည် ဆိုဗီယက်ယူနီယမ် လက်အောက်သို့ ကျလုမတတ် ဖြစ်ခဲ့၏ ။

ဆိုဗီယက်ယူနီယမ်ကို ထိန်းနိုင်ဖို့ ရာ အမေရိကန်သည် မော်စီတုံး တရုတ်ပြည်ကို ချစ်ကြည်ရေး မိတ်ဖွဲ့ရပြန်သည် ။ အမေရိကန်သမ္မတနှင့် တရုတ် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌတို့ ပေကျင်းတွင်

တွေ့ဆုံကြ၏ ။ အမေရိကန်နှင့် တရုတ် ပူးပေါင်းနိုင်မှ ဆိုဗီယက်ယူနီယမ်နှင့် ပါဝါချိန်ခွင်လျှာညှိလို့ ရမှာ သေချာသည် ။

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် နွေရာသီ။

ဆိုဗီယက်ယူနီယမ်ကား လုံးလုံးလျားလျားပင် ပြိုကွဲသွားပြီ။

တရုတ်ပြည်ကား အမည်အနေဖြင့်သာ ကွန်မြူနစ်။ လက်တွေ့တွင်ကား အရင်းရှင်စံနစ်ကို ကျင့်သုံးလာသည် ။

နေတိုးအဖွဲ့က အရှေ့ဥရောပသို့ ခြေတစ်လှမ်းတိုးဝင်လာသည့်အပြင် နောက်ပိုင်းတွင် ယခင်ဆိုဗီယက် ယူနီယံထဲအထိ ထိုးဖောက်လာ၏ ။ ကမ္ဘာကြီးကား ကြွယ်ဝချမ်းသာလျက်။ ပထဝီနိုင်ငံရေး ရှုမြင်သုံးသပ်ချက်သည် စီးပွားရေးရှုမြင် သုံးသပ်ချက်၏ နောက်သို့ ရောက်သွား၏ ။

ဒေသတွင်း မတည်ငြိမ်မှုဟူ၍ ဟေတီ သို့မဟုတ် ကိုဆိုဗိုပြဿနာလေးတွေသာ ကျန်တော့၏ ။

သို့ဖြင့် ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ရက်နေ့သို့ ရောက်လာ၏ ။ ကမ္ဘာကြီးတစ်ခုလုံး သွက်သွက်ခါသွားပြီ။ ယခင်က သုံးသပ်စဉ်းစားမျှော်တွေးရှုမြင်ချက်တွေ အကုန်လုံး ပြောင်းဆန်ကုန်ပြီ။ လွန်ခဲ့သောနှစ်နှစ်ဆယ်က နိုင်ငံရေးအမြင်သုံးသပ်မှုများ နှင့် ယခု မတူတော့။ နှစ်နှစ်ဆယ်အတွင်း အပြောင်းအလဲတွေကလည်း မမျှော်လင့်တာတွေချည်း ဖြစ်ခဲ့သည် မဟုတ်လား။ ဆိုဗီယက်ယူနီယံကဲ့သို့ အလွန်ခိုင်မာတည်ငြိမ်သော နိုင်ငံကြီး ပြိုကွဲသွားမည်ကို မည်သူက မှန်းဆထားခဲ့ပါသလဲ။ အစဉ်အလာအတိုင်း စဉ်းစားသုံးသပ်ကြသော နိုင်ငံရေးခွဲခြမ်းစိတ်ဖြာသုတေသီများ အားလုံး လမ်းဘေးရောက်ခဲ့ကြပြီ။

ဥရောပအင်ပါယာပြိုကွဲသွားသည် မှာ ဒိုင်းနမိုက်တီထွင်ခဲ့မှု၏ အကျိုးဆက် ဖြစ်သည် ။ ပထဝီနိုင်ငံရေးဟော ကိန်းများ ထဲတွင် နည်းပညာထွန်းကားမှုများကိုပါ ထည့်သွင်း စဉ်းစားလာရ၏ ။ ဥရောပ အစိတ်စိတ်အမွှာမွှာ ပြိုကွဲခြင်းကို ကြိုတင်ဟောကိန်းထုတ်၍ ရခဲ့သည် ။

၁၉ရာစုတွင် အမေရိကန်နှင့်ဆိုဗီယက်ယူနီယံတို့ ဩဇာလွှမ်းမိုးလာမည်ကိုလည်း ဟောကိန်းထုတ်ခဲ့သူများ ၏ ။ သူတို့ ဟောကိန်းများ မှန်ခဲ့ပါသည် ။ ' အလက်ဇီဒီတော့ကွီးဗီးလ်' နှင့် 'ဖရက်ဒရစ်နရှေး ' တို့ ကဲ့သို့သော ဒဿနပညာရှင်ကြီးများက ဤနိုင်ငံနှစ်ခု ဩဇာညောင်းလာမည်ကို ကြိုတင်ပြောခဲ့ကြဖူးသည် ။ နှစ်ဆယ်ရာစု အစဦးပိုင်းအထိကား စဉ်းစားတွေးခေါ်မှုများ သည် သိပ်မဆိုးကြသေး။ စဉ်းစားတွေးခေါ်မှု ကောင်း၍ မှန်သည် ရှိသကဲ့သို့ ကံစွပ်၍ မှန်တာတွေလည်း ရှိနိုင်ပါသည် ။

* * *

# နှစ်ဆယ့်တစ်ရာစု

နှစ်ဆယ်ရာစုတွင် အဓိက မှတ်တိုင်အဖြစ် ဂျာမနီနှစ် နိုင်ငံ ညီညွတ် ပေါင်းစည်းမှု တစ်ခုကို ထင်ထင်ရှားရှားတွေ့ခဲ့ရ၏။ ဆိုဗီယက် ယူနီယံ၏ ထီးထီးကြီး ဩဇာလွှမ်းမိုးလာမှုကို တွေ့ရ၏ ။ တစ်ချိန်ထဲမှာ

ပင် ကမ္ဘာ့နံပါတ်တစ် နေရာကို ပြိုင်ဘက်မရှိ ရယူလာသည် မှာ အမေရိကန်နိုင်ငံ ဆိုသည် ကို မည်သူမျှ ငြင်း၍ မရ။

အမေရိကန်သည် စီးပွားရေးရော၊ စစ်ရေးရော ၊ နိုင်ငံရေးရော ကမ္ဘာပေါ်တွင် အင်အားအကြီးဆုံး ဩဇာအညောင်းဆုံးဖြစ်သည် ၏ ။ သူ့ပါဝါကိုယှဉ်ပြိုင်စိန်ခေါ်မည့်သူ မရှိ။ သို့သော် နောက်ပိုင်းတွင် ကား ဤ စကားမမှန်တော့။ အမေရိကန်ကို ဖက်ပြိုင်အံတုဝံ့သူတွေ ပေါ်လာသည် ။ ၄င်းတို့ ကား အစ္စလမ်မစ် အစွန်းရောက်ဝါဒီများ ။

ပြည်တွင်းစစ်နောက်ပိုင်းတွင် အမေရိကန်သည် သူမတူအောင် စီးပွားတိုးလာခဲ့၏ ။ အချမ်းသာဆုံး လေးနိုင်ငံပေါင်းလျှင်သော်မှ အမေရိကန်တစ်နိုင်ငံထဲကို မမီ။ စစ်ရေးအရလည်း ကမ္ဘာကိုဖြန့်ကျက်ထားသော သူ၏ တပ်ဖွဲ့ဝင်အား လက်နက်အင်အားက မည်သူမှ တုပယှဉ်ထိုး၍ မရ။

နိုင်ငံ ရေးဆိုလျှင်လည်း ပြောင်ပြောင်တင်းတင်း တစ်မျိုး။ ကန့်လန့်ကာ နောက်ကွယ်မှ တစ်မျိုး သူခြယ်လှယ်ခဲ့ကသည် မှာ ကမ္ဘာနေရာအနှံ့အပြား။

လွန်ခဲ့သော နှစ်ငါးရာကဆိုလျှင် ဥရောပသည် နိုင်ငံတကာစနစ်၏ ဗဟိုချက်မ ဖြစ်ခဲ့၏ ။ ၄င်းတို့ ၏ အင်ပါယာများက လူ့သမိုင်းတွင် ပထမဆုံးသော ကမ္ဘာဆိုင်ရာစနစ်ကို ဖန်တီးခဲ့၏ ။

မြောက် အတ္တလန်တိတ်ကို ထိန်းချုပ်သော မည်သူမဆို ဥရောပကို ထိန်းချုပ်နိုင်သည် ။ ဥရောပကို ထိန်းချုပ်နိုင်လျှင် ကမ္ဘာကို ထိန်းချုပ်လို့ ရပြီ။ ဤ သို့ဖြင့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေး၏ အခြေခံ ပထဝီကို ပုံသေတွက်၍ ရနိုင်သည် ။

၁၉၈၀ ခုနှစ်တွင် မူ အမှတ်ထင်ထင်ဖြစ်ရပ် တစ်စုံတစ်ရာဖြစ်ခဲ့၏ ။

သမိုင်းတွင် ပထမဆုံးအနေဖြင့် ပိစိဖိတ်ဖြတ်ကျော်ကုန်သွယ်မှုနှင့် အတ္တလန္တိတ်ဖြတ်ကျော်ကုန်သွယ်မှုတို့ က ညီတူညီမျှဖြစ်လာသည် ။

ဒုတိယကမ္ဘာစစ် အပြီးတွင် ဥရောပ၏ အာဏာပါဝါက ကျလာ၏ ။ ထို့ကြောင့် ကုန်သွယ်မှုပုံစံ တွေလည်း ရွှေ့လျားကုန်၏ ။ ထို့ကြောင့် မြောက် အတ္တလန္တိတ်သည် အရာရာအတွက် အဓိကခလုတ် မဟုတ်တော့။ ထို့ကြောင့် ယခုအခါ မည်သည့်နိုင်ငံမဆို မြောက် အတ္တလန္တိတ်နှင့် ပိစိဖိတ် နှစ်ခုစလုံးကို ထိန်းချုပ်၍ ရပြီ။ ဆန္ဒရှိလျှင် ကမ္ဘာ့ကုန်သွယ်ရေး စနစ်ကိုလည်း ကိုင်တွယ်၍ ရသည် ။

ထို့ကြောင့် ကမ္ဘာ့စီးပွားရေးသည် တစ်ဦးထဲလက်ထဲတွင် ဆုပ်ကိုင်ထား၍မရတော့။ ၂၁ ရာစုတွင် မည်သည့်နိုင်ငံမဆို သမုဒ္ဒရာများကိုဆက်သွယ်အသုံးပြုနိုင်သဖြင့် ကြီးမားလှသော အခွင့်သာမှုများ ရခဲ့၏ ။

၁၉ ရာစုတုန်းက ဗြိတိန်သည် ရေတပ်အင်အားကို အဓိကချဲ့တွင် သုံးစွဲနိုင်ခဲ့သဖြင့် ကမ္ဘာကို စိုးမိုးနိုင်ခဲ့သည် ။ ထိုနည်းလမ်းအတိုင်း မြောက်အမေရိက သည် လည်း ဥရောပနေရာကို အစားထိုးဝင်ရောက်လာခဲ့၏ ။ ထို့ကြောင့် မြောက်အမေရိကကိုလွှမ်းမိုးသူ မည်သူမဆို ကမ္ဘာ့ပါဝါအကြီးဆုံးရမည်သာ ဖြစ်သည် ။ ၂၁ ရာစုတွင် ကားထိုပါဝါရှင်သည် အမေရကန်နိုင်ငံ ။

၂၁ ရာစုအစကို အမေရိကန်ခေတ်၏ အရဏ်ဦးဟု ဆို၍ ရ၏ ။ သို့ဖြင့်အမေရိကသည် အစ္စလာမ်မစ်ကမ္ဘာကိုပါ ကျူးကျော်ဝင်ရောက် အားစမ်းလာခဲ့၏ ။သို့သော် သူ၏ ပန်းတိုင်ကား အောင်ပွဲမဟုတ် ။ အောင်ပွဲဆိုသည့် အဓိပ္ပာယ်ကပင် ဘာဆိုသည် ကို ရှင်းရှင်းလင်းလင်း

ရှိဟန်မတူ ။ သူ့ရည်ရွယ်ချက်က အစ္စလာမ်မစ်ကမ္ဘာထဲသို့ ခြေဝင်ရှုပ်ကာ အစ္စလာမ်မစ်အင်ပါယာ မပေါ်ထွန်းလာရေးကို ကြိုတင်ကာကွယ်ရန်သာ ဖြစ်၏။ အမေရိကန် အနေဖြင့် စစ်ပွဲတွေနိုင်ဖို့ မလိုအပ်။ သူက သူ၏ပြိုင်ဘက်ဖြစ်လာမည့် သူများကို ကြိုတင်ဦးချိုးထားရန်သာ ရည်ရွယ်ဟန်တူသည် ။

သို့ဖြင့် ၂၁ ရာစုသည် အမေရိကန်နှင့် သူ ဦးချိုးထားသောနိုင်ငံတို့ ၏ ဝိရောဓိများ သာ ပြည့်နက်နေ၏ ။ သို့ဖြင့် ၂၁ ရာစုသည် ၂၀ ရာစုထက်ပို၍ စစ်ပွဲတွေ များ လာ၏ ။

တစ်ချိန် တည်းမှာ ပင် ရုရှားတို့ က အမေရိကန် ဦးဆောင်သော နေတိုး တပ်ဖွဲ့ဝင်များ ဩဇာလွှမ်းရာ သုံးနိုင်ငံဖြစ်သည့် အက်စတိုးနီးယား၊ လတ်ဗီးယားနှင့် လစ်သူယေးနီးယား (ပိုလန်လည်း ပါသေးသည် ။) ထိုသို့ ဝင်ရောက် စွက်ဖက်ပြီး အားစမ်းမှုများ လည်း လုပ်လာ၏ ။

ဤစစ်အေးတိုက်ပွဲသစ်သည် အမေရိကန် - အစ္စလာမ်ပဋိပက္ခ နှင့်အတူ အမေရိကန်တို့ ကို ခေါင်းခဲစေသည် ။ သို့သော် ရုရှားက သူ့နိုင်ငံတွင်း အခြေနေတွေကပင် ကမောက်ကမနှင့် ထိန်းမနိုင် သိမ်းမနိုင်ဖြစ်နေသဖြင့် ရေရှည်စစ်ပွဲ ဆင်နွှဲ၍ မရတော့။ ရုရှားပြိုကွဲခြင်းနှင့်အတူ သူ၏ လက်တံများ လည်း အားပျော့ရှုံးနိမ့်သွားရ၏ ။

အချို့သော နိုင်ငံရေး သုတေသီများ ၏ ဟောကိန်းအရ အမေရိကန်ကို စိန်ခေါ်မည့်သူမှာ ရုရှား မဟုတ်။ တရုတ် ဖြစ်သည် ဟု ဆိုကြ၏ ။ ဤအမြင် မမှန်ကန်ကြောင်း အချက်သုံးချက်နှင့် ငြင်းဆို၍ ရ၏ ။

ပထမအချက်အနေဖြင့် တရုတ်မြေပုံကို သေသေချာချာကြည့်ပါ။ ၎င်းသည် ရုပ်ပိုင်းဆိုင်ရာအားဖြင့် အလွန်ပင် သီးခြား ရပ်တည်နေသောနိုင်ငံဖြစ်သည် ။ မြောက်ဘက်တွင် ဆိုက်ဘေးရီးယား၊ တောင်ဘက်တွင် ဟိမဝန္တာနှင့် တောအုပ်များ ရှိ၏ ။ တရုတ်လူဦးရေ အများ စုသည် တရုတ်ပြည်၏ အရှေ့ခြမ်းတွင် သာ နေကြ၏ ။

ဒုတိယ အချက်အနေဖြင့် တရုတ်တွင် ရေတပ်အင်အား မတောင့်တင်း။ ရေတပ်တစ်ခုတည်ဆောက်ဖို့ ရာ အချိန်အများကြီးလို၏ ။ သင်္ဘောများ တည်ဆောက်ရုံမျှ သာမက ကောင်းစွာ လေ့ကျင့်ထားသော၊ အတွေ့အကြုံရင့်ကျက်သော သင်္ဘောသားများ စွာ ဖန်တီးပေးရန်လည်း လို၏ ။

တတိယ အချက်အနေဖြင့် တရုတ်ကို မစိုးရိမ်ရန် အဓိက အချက် ဖြစ်၏ ။ တရုတ်ကား သိပ်တည်ငြိမ်မှု မရသေးသောနိုင်ငံ ဖြစ်ခြင်းပေတည်း။ တရုတ်က ပြင်ပနိုင်ငံများ နှင့် လွတ်လွတ်လပ်လပ် ကုန်သွယ်မှုလုပ်ခဲ့သဖြင့် ကမ်းရိုးတန်းဒေသများ တွင် ချမ်းသာလာခဲ့သည် မှာ မှန်၏ ။ သို့သော် ကုန်းတွင်းပိုင်းမှ တရုတ်ပြည်သူအများ စုကား ဆင်းရဲနေကြဆဲ။ ၎င်းသည် ဝိရောဓိများ ၊ တင်းမာမှုများ ၊ မတည်ငြိမ်မှုများကို မွေးဖွားပေးနိုင်၏ ။ ထို့ကြောင့် စီးပွားရေးဆုံးဖြတ်မှုများ လုပ်တိုင်း နိုင်ငံရေးဘက်ကို ငဲ့ကြည့်နေရ၏ ။ သို့ဖြင့် မလုံလောက်မှုများ ၊ ခြစားမှုများ ရှိနေဆဲ။

ထို့ကြောင့် တရုတ်သည် အမေရိကန်အဖို့ ရုရှားနှင့် ပါဝါချိန်ခွင်လျှာညှိရုံမျှသာ အသုံးတည့်ပြီး ပြိုင်ဖက်နိုင်ငံတော့ ဖြစ်လာဟန်မရှိ။

၂၁ ရာစုအလယ်ပိုင်းတွင် အခြားပါဝါများ ပေါ်လာနိုင်သည် ။

ယနေ့ပုံစံအရ အင်အားကြီးနိုင်ငံများ မဟုတ်သေးသော်လည်း နောင်ဆယ်စုနှစ် နှစ်ခု သုံးခုတွင် ကား ပို၍ အင်အားကောင်းလာနိုင်သော နိုင်ငံများ ဖြစ်၏ ။ သီးသန့်နိုင်ငံ သုံးခုကို ထုတ်ဖော်ပြလိုပါသည် ။

ပထမ အနေနှင့်ကား ဂျပန်နိုင်ငံ။

ဂျပန်သည် ကမ္ဘာ့စီးပွားရေးတွင် ဒုတိယ အကြီးဆုံးနိုင်ငံ ဖြစ်၏ ။ ရှေ့ဆက်၍ လည်း စီးပွားတိုးစရာ လမ်းစတွေ ရှိနေ၏ ။

ဒုတိယ နိုင်ငံကား တူရကီ။

ယခုလောလောဆယ် ကမ္ဘာ့စီးပွားရေးတွင် နံပါတ် ၁၇ လိုက်နေသော နိုင်ငံ။ ပထမ ကမ္ဘာစစ်အပြီးတွင် အော့တိုမန်အင်ပါယာ ပြိုကွဲသွားသည် ။ သို့ဖြင့် ခေတ်သစ် တူရကီနိုင်ငံ ပေါ်လာသည် ။ တူရကီက ပြဿနာများကြားတွင် တည်ငြိမ်သောနိုင်ငံ ဖြစ်၏ ။ ဘောလ်ကန်၊ ကော့ကေးဆပ်နှင့်အာရပ်တို့ က မတည်ငြိမ်။ ထို့ကြောင့် တူရကီသည် လည်း အမေရိကန်နှင့် ပြိုင်ဖက်ဖြစ်လာနိုင်စရာ တစ်ချိန်ချိန်တွင် ပေါ်လာနိုင်၏ ။

နောက်ဆုံးနိုင်တစ်ခုကား ပိုလန် ဖြစ်၏ ။ ၁၆ ရာစုနောက်ပိုင်းတွင် ပိုလန်သည် အင်အားမကြီးခဲ့။ သို့သော် ဂျာမဏီ ကျဆုံးပြီးနောက် ပိုလန်၏ စီးပွားရေးက တစ်ဟုတ်ထိုး တိုးတက်လာ၏ ။ ယခုကလည်း ဆ က် ၍ တိုးတက်နေဆဲ။ နောက်ပိုင်းတွင် ရုရှားထက်ပင်ပို၍ စီးပွားရေးရော ပါဝါပါ တိုးလာ၏ ။

ဆိုဗီယက်ယူနီယံ ဒုတိယ အကြိမ် ကျဆုံးပြီးနောက် အမေရိကန်၏ ပြိုင်ဖက်သည် ဂျပန်၊ တူရကီနှင့် ပိုလန်နိုင်ငံများ ဖြစ်စရာအကြောင်းရှိ၏ ။ ၂၁ ရာစုတွင် ဤလေးနိုင်ငံ ပြိုင်ဆိုင်ရင်းနှင့်

စစ်ပွဲများ သို့ပင် ဦးတည်လာနိုင်သည် ။

၂၀၅၀ တွင် တိုးတက်သော စက်မှုနိုင်ငံများ တွင် လူဦးရေက သိသိသာသာပင် ကျဆင်းသွားကြမည်။

သက္ကရာဇ် ၂၁၀၀တွင် ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများ ၏ မွေးဖွားမှုနှုန်းသည် လည်း ထိန်းချုပ်နိုင်သောအဆင့်တွင် ရှိလာကြမည်။ ၁၇၅၀ ခုနှစ်ကတည်းက ကမ္ဘာ့လူဦးရေသည် တစ်ရှိန်ထိုး တိုးပွားလာရာ နောက်ပိုင်းတွင် ထိန်းမရအောင်ပင် ဖြစ်ခဲ့သည် ။ မူလရည်မှန်းချက်မှာ လုပ်သား အင်အားတွေ ပိုလာ၊ စစ်သားတွေ ပိုလာ၊ စားသုံးမှုတွေ ပိုလာစေရန် ဖြစ်၏ ။

၂၁ ရာစုတွင် ကား ထိုအယူအဆ မမှန်တော့။ ထုတ်လုပ်မှုပုံစံ စနစ်တစ်ခုလုံးက ပြောင်းသွားပြီ။ လူအားထက် နည်းပညာအားကို ပိုအားထားသည့် ခေတ်ရောက် လာပြီ။ လူသား လုပ်အားနေရာတွင် စက်ရုပ်လုပ်သားများကို အစားထိုးအသုံးချမည် ဖြစ်သည် ။ ထို့နောက် ဆေးသိပ္ပံတီတွင် မှုများကြောင့် လူ့သက်တမ်းပိုရှည်အောင် မလုပ်နိုင်သေးသော်လည်း ကုန်ထုတ်စွမ်းအား ပိုရနိုင်အောင်ကား ဖန်တီးလာနိုင်မည် ဖြစ်သည် ။

၂၁ ရာစုတွင် မက်ဆီကိုကိုလည်း လျှော့တွက်၍ မရ။ မက်ဆီကို စီးပွားရေးသည် ယခုအခါ ကမ္ဘာပေါ်တွင် ၁၅ နိုင်ငံမြောက်အကြီးဆုံး ဖြစ်၏ ။ ယခုအနေအထား အရဆိုလျှင် စီးပွားရေးတိုးတက်မည့် အလားအလာတွေ ကလည်း ကျိန်းသေနေ၏ ။ ၂၀၈၀တွင် အမေရိကန်နှင့် မက်ဆီကိုက ထိပ်တိုက်ရင်ဆိုင် စရာတွေရှိနိုင်သည် ။

ထို့သို့စီးပွားရေးပခုံးချင်း ယှဉ်ပြိုင်ကြရင်းဖြင့် ၂၀၅၀ တွင် တူရကီ၊ ပိုလန်၊ ဂျပန်တို့ နှင့် အမေရိကန်တို့ ကမ္ဘာစစ်ဖြစ်နိုင်စရာ

အကြောင်းရှိ၏ ။

* * *

## လာမည့် နှစ်တစ်ရာကို ကြိုတင်ဟောကိန်းထုတ်ခြင်း

ယခင်က လက်ဝဲသမားတို့ ၏ ကြွေးကြော်သံတစ်ပုဒ် ရှိခဲ့ဖူး၏ ။

‘လက်တွေ့လုပ်ဆောင်၊ မဖြစ်နိုင်တာကို တောင်းဆို’

ယခု ထိုဆောင်ပုဒ်ကို ပြင်လို၏ ။

ယခု ထိုဆောင်ပုဒ်ကို ပြင်လို၏ ။

‘လက်တွေ့လုပ်ဆောင်၊ မဖြစ်နိုင်တာကိုမျှော်လင့်’ ဟူ၍ ဖြစ်၏ ။

ကမ္ဘာ့နိုင်ငံရေးတွင် အရေးတကြီးလေ့လာရမည်မှာ ပထဝီနိုင်ငံရေးဖြစ်သည့်အပြင်

နိုင်ငံခေါင်းဆောင်များ ၏ ကဏ္ဍကိုလည်း ထည့်မတွက်မဖြစ် တွက်ရမည်။ တကယ်တော့ နိုင်ငံတိုင်းကို ကြိုးကိုင်နေကြသူများမှာ ထိုနိုင်ငံ၏ ခေါင်းဆောင် များ ပင် ဖြစ်သည် ။ တစ်နည်းအားဖြင့် ပြည်သူ့ကိုယ်စားလှယ် များ ဟု လည်း ဆိုနိုင်၏ ။ ပြည်သူ သန်းပေါင်းများ စွာထဲမှ ရွေးကောက် တင်မြှောက်ထားသော ခေါင်းဆောင်၏ လက်ထဲတွင် သူ့နိုင်ငံ ရှိသည် ။ နိုင်ငံတစ်ခု၏ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအားလုံးသည် ထိုလူတစ်စု၏ ရွှေ့လျားသောပုံစံပေါ် မူတည်နေ၏ ။

မည်မျှထူးချွန်သော၊ ပါရမီရှိသော၊ စွန့်လွှတ်အနစ်နာခံသော၊ စေတနာရှိသော

ခေါင်းဆောင်ပင် ဖြစ်စေ၊ တစ်ကွက်ကွက်တွင် တော့၊ တစ်ချိန်ချိန်တွင် တော့ မှားတတ်သေး၏ ။

လူတစ်ယောက် မှားလို့ က သူ့ဘဝပျက်ရုံသာ ရှိ၏ ။ သို့သော် ပြ န် အ ဖ တ် ဆ ယ် ၍ ရကောင်း ရနိုင်၏ ခေါင်းဆောင်တစ်ဦး၏ အမှားကြောင့် နိုင်ငံတစ်ခု၏ အရွေ့အပြောင်းမှားသွားပါက တစ်နိုင်ငံလုံး၊ ပြည်သူတစ်ရပ်လုံး အကန့်သတ်မဲ့အချိန်တစ်ခုလုံး ဒုက္ခမျိုးစုံခံစားရတော့မည်သာ ဖြစ်၏ ။

နိုင်ငံခေါင်းဆောင်များ နည်းတူ တာဝန်အရှိဆုံး ပုဂ္ဂိုလ်များမှာ နိုင်ငံရေးသမားများ လည်း ဖြစ်၏ ။ ဥပမာ အတိုက်အခံပါတီက နိုင်ငံရေးသမားများ ဆိုပါစို့။

အာဏာရပါတီက ချမှတ် လုပ်ဆောင်လိုက်သော ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှကို ကဖျက်ယဖျက် အတိုက်အခံလုပ်နေမည် ဆိုအံ့။ ထိုနိုင်ငံသည် တိုးတက်မှုနှောင့်နှေးမှာ သေချာသည် ။ အတိုက်အခံပါတီက အာဏာရပါတီဖြစ်သွားပြီး အာဏာရပါတီက အတိုက်အခံပါတီ အဖြစ်သွားလျှင်လည်း သူ့တာဝန်က အစိုးရလုပ်သမျှကို ဆန့်ကျင်နေရမည်ု သဘောထားနေ၍ မဖြစ်။

နိုင်ငံရေးသမား စစ်စစ်ဟူသည် မိမိပါတီမျက်နှာထက် အများပြည်သူနှင့် နိုင်ငံတော်မျက်နှာကိုသာ ပိုကြည့်ရမည်သူသာ ဖြစ်သည် ။

နောက်ဆုံး သတ္တုချကြည့်ပြန်တော့ နိုင်ငံခေါင်းဆောင်များကို ရွေးချယ် တင်မြှောက်သူမှားမှာ မဲဆန္ဒရှင်ပြည်သူများ သာ ဖြစ်ရာ တိုင်းပြည်တစ်ပြည်၏ အဆိုးအကောင်းသည် မဲဆန္ဒရှင်ပြည်သူများ ၏

နိုင်ငံရေး အသိစိတ် မည်မျှရှိ မရှိပေါ်တွင် မူတည်နေပြန်၏ ။

ထို့ကြောင့် နိုင်ငံများ စွာတွင် ‘ မဲဆန္ဒရှင်၏ ပညာအသိဉာဏ်’ (Voters’ Education) ကိုပင် တကူးတက သင်ပေးနေကြရခြင်း ဖြစ်၏ ။

မည်သည့်နိုင်ငံရေး သဘောတရား တွင် မဆို ‘စီးပွားရေးသည် အဓိက။ ကျန်သည့်အစိတ်အပိုင်းများ သည် စီးပွားရေး၏ လက်အောက်’ ဟု သင်ကြားလေ့ ရှိသည် ။

ထို့ကြောင့် နိုင်တစ်ခု ဩဇာညောင်း မညောင်းသည် ထိုနိုင်ငံစီးပွားရေး ထိပ်တန်းမည်မျှရှိ၊ မရှိပေါ်တွင် အဓိကမူတည်နေသည် ။ ထို့ကြောင့် စီးပွားရေးပညာရှင်များ ၊ စီးပွားရေး လုပ်ငန်းရှင်များ ၏ အခန်းကဏ္ဍကိုလည်း အရေးထား တည့်တွက်ရမည်သာ ဖြစ်သည် ။

ပထဝီနိုင်ငံရေး အရေးကြီးကြောင်းကို အထင်ရှား ဆုံးဥပမာတစ်ခုဖြင့် ပြ၍ ရ၏ ။

ရေခဲဖုံးလွှမ်းနေသော အိုက်စလန်ကျွန်းနိုင်ငံလေးသည် စစ်ရေးရော စီးပွားရေးရော မဟာဗျူဟာ အချက်အခြာမကျ။ ထိုနိုင်ငံ၏ ခေါင်းဆောင်သည် မည်မျှပင် ထူးချွန် စေတနာကောင်းသော ပါရမီရှင် ဖြစ်နေပါစေ။ သူ၏ ဦးဆောင်မှု အောက်တွင် ‘အိုက်စလန်’ နိုင်ငံသည် မည်သည့်အခါမှ ကမ္ဘာ့စွမ်းအားကြီးနိုင်ငံဖြစ်မလာနိုင်။

ထိုနည်းတူ ရောမအင်ပါယာ ထွန်းကားဩဇာလွှမ်းချိန်တွင် လည်း ရောမကို အုပ်ချုပ်သူခေါင်းဆောင် မိုက်မဲလွန်းပါက နိုင်ငံတစ်ခုလုံး ပျက်သုဉ်းသွားမှာ သေချာ၏ ။

တကယ်တော့ ပထဝီနိုင်ငံဗရေးသည် ခေါင်းဆောင်တစ်ဦးချင်း၏

ပုဂ္ဂလိက အရည်အချင်းကို နိုင်ငံစီးပွားရေးက သိပ်အရေးတယူမလုပ်သကဲ့သို့ ပုံစံမျိုး ဖြစ်သည် ။

'နိုင်ငံရေးပထဝီ' (Political Geograppphy) နှင့် ပထဝီနိုင်ငံရေး (Geopolitics)တို့ မှာ တူညီသလိုရှိသော်လည်း တကယ်တော့ သိသိသာသာကွဲပြားသည် ။

'ပထဝီနိုင်ငံရေး' ဟူသည် ပထဝီဘာသာကို အသုံးချ၍ လေ့လာသော နိုင်ငံရေးဘာသာရပ် ဖြစ်သည် ။

ပထဝီနိုင်ငံရေးပညာရှင် အများ စုတို့ မှာ ပထဝီပညာရှင်များ မဟုတ်။ မိမိတို့ နိုင်ငံ အင်အားကြီးမားစေရန်လုပ်ဆောင်သော နိုင်ငံခြားရေးဝန်ကြီး၊ နိုင်ငံရေးသမား၊ စစ်ဗိုလ်ကြီးများ သည် 'ပထဝီနိုင်ငံရေး ပညာရှင်များ ' ဖြစ်သည် ။

ပထဝီနိုင်ငံရေးက အချက်နှစ်ချက်ကို ဖော်ပြသည် ။

ပ ထ မ အ ချ က် မှာ လူသားတို့ သည် မိသားစုကဏ္ဍမှ သည် အဖွဲ့အစည်းတစ်ခုချင်းအဖြစ် စည်းရုံးမှုအပေါ် အလေးထား၏ ။ အုပ်စုအဖွဲ့ အစည်းသည် နိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်မည်သာ ဖြစ်၏ ။ ထိုသူတို့ သည် သူတို့ မွေးဖွားသည့်နိုင်ငံ၊ သူတို့ လူမျိုးအပေါ် သဘာဝ ကိုယ်နှိုက်ကပင် သစ္စာစောင့်သိရမည့်သဘာဝ ရှိ၏ ။ မျိုးနွယ်စု၊ မြို့ရွာ၊ နိုင်ငံအပေါ် သစ္စာစောင့်သိခြင်းသည် ပင်လျှင် လူသားတို့ ၏ သဘာဝ ဖြစ်သည် ။

ဒုတိယအချက်အနေဖြင့်ကား ပထဝီနိုင်ငံရေးသည် ပထဝီအနေအထားအရ ပိုင်းခြားထားသော နိုင်ငံအသီးသီး၏ နိုင်ငံရေးသဘာဝ ကို လေ့လာခြင်း ဖြစ်၏ ။

နိုင်ငံတစ်ခု၏ တည်နေရာ ပထဝီအနေအထား၊ အချက်အချာကျမှု မကျမှုအပေါ် ထည့်သွင်း စဉ်းစားရ၏ ။ ဥပမာ - စတာပါတာလူမျိုးနှင့် အေသင်မြို့သူမြို့သားတို့ ကွာခြားချက်ကိုကြည့်။ အေသင်တို့ က ချမ်းသာကြွယ်သည် ။ မြို့ပြဆန်သည် ။ စပါတို့ ကမူ ဆင်းရဲ၏ ။ တောဆန်၏ ။ ကြမ်းတမ်းခက်ထန်၏ ။ စပါတာနှင့်အေသင်တို့ သည် နိုင်ငံရေးရော၊ ယဉ်ကျေးမှုပါ ကွဲပြားခြားနားမည်မှာ သဘာဝ ကျသည် ။ သူတို့ မွေးဖွားခဲ့သော ဒေသ၏ပထဝီအနေအထားပေါ်တွင် သူတို့ မူတည်ပြဋ္ဌာန်းခြင်း ခံထားရခြင်းပင် ဖြစ်သည် ။

ထို့ကြောင့် ပထဝီနိုင်ငံရေးအရ အမေရိကန်သည် အမေရိကန်။ ဂျပန်၊ တူရကီ၊ မက်ဆီကိုတို့ သည် လည်း ပထဝီအနေအထားအရ သူတို့ စရိုက်နှင့်သူတို့ ။ သူတို့ ကို အတင်းလိုက်ညှိ၍ မဖြစ်နိုင်။ သူတို့ အင်အား ချင်းတူညီလာလျှင် ကွဲပြားခြားနားမှုကို အတင်းလိုက်ညှိကြလိမ့်မည်။ ထိုအခါ မလွှဲမရှောင်သာပေါ်လာမည်မှာ စစ်ပွဲများ ။

၂၁ ရာစုသည် လည်း အခြားရာစုများ နှင့် သဘာဝ ခြင်းအတူတူသာ ဖြစ်သည် ။

စစ်တွေဖြစ်မည်။ ဆင်းရဲမှုတွေ ဖြေရှင်းရမည်။ အောင်ပွဲတွေရှိသလို ရှုံးနိမ့်မှုများ လည်း ကြုံရမည်။

ကြေကွဲဝမ်းနည်းစရာတွေပေါ်လာမည် ဖြစ်သကဲ့သို့ ကံကောင်းထောက်မမှုများ လည်း တွေ့ရမည်။ လူတွေ အလုပ်လုပ်ကြမည်။ ငွေရှာကြမည်။ ကလေးတွေ ရလာမည်။ ချစ်ခင်ကြမည်။ မုန်းတီးကြမည်။ ဒါတွေကို ရှောင်လွှဲ၍ မရ။

ဤလူ့ကမ္ဘာတွင် လူသားများ ဖြင့်သာ ဖွဲ့စည်းထားရရာ လူ့သဘာဝ က မည်သည့်အခါမှ မပြောင်းလဲ။

သို့သော် ၂၁ ရာစုတွင် ထူးခြားသော ဝိသေသနှစ်ခုကား ရှိ၏ ။ ၎င်းသည် ခေတ်သစ်၏ အစအဦး ဖြစ်နိုင်သည် ။ ကမ္ဘာလုံးဆိုင်ရာ ပါဝါသစ်တစ်ခု ပေါ်ကောင်းပေါ်နိုင်၏ ။ ဤသို့သောပုံစံမျိုး ယခင်ရာစုများက မရှိခဲ့။

ယခု ကျွန်တော်တို့ သည် အမေရိကန် ဦးစီးသော ခေတ်တွင် ရောက်နေကြသည် ။ ဤခေတ်အကြောင်းသိနိုင်ရန် ကျွန်တော်တို့ အမေရိကန်အကြောင်း သိဖို့ လိုသည် ။ ဤသို့ သိရန်မှာ အမေရိကန်က အင်အားကြီးမား၍ မဟုတ်။

ပြင်သစ်ယဉ်ကျေးမှုနှင့် ဗြိတိသျှယဉ်ကျေးမှုတို့ ကိုလည်း သူတို့ နိုင်ငံတွေ ကမ္ဘာကိုလွှမ်းစဉ်ကာလက ကျွန်တော်တို့ လေ့လာခဲ့ရသည် သာ ဖြစ်၏ ။ အမေရိကန်ယဉ်ကျေးမှုသက်တမ်းကာ နုသေး၏ ။ နည်းနည်းလည်း ရိုင်းကောင်း ရိုင်းမည်။

မည်သို့ဆိုစေ ၂၁ ရာစုကို သိလိုလျှင် အမေရိကန်နိုင်ငံကို မလေ့လာမဖြစ် လေ့လာရမည်။

ဥရောပခက်ကား ကုန်သွားပြီ။ ယခု မြောက်အမေရိကခေတ်စနေပြီ။

မြောက်အမေရိကကို အမေရိကန်နိုင်ငံက နောင်နှစ်တစ်ရာလောက် လွှမ်းမိုးသွားဦးမည်။ ဤသို့ အမေရိကကို လေ့လာခြင်းသည် စံပြအဖြစ်၊ အတုယူစရာအဖြစ် လေ့လာခြင်းမဟုတ်။ အမေရိကန်ယဉ်ကျေးမှု အဖွဲ့အစည်းက ရင့်ကျက်နေ၍ မဟုတ်။ အမေရိကသမိုင်းသည် ၂၁ ရာစုသမိုင်း ဟူသောအမြင်ဖြင့် လေ့လာခြင်းသာဖြစ်သည် ။

* * *